နံပါတ်နည်းတဲ့

# ပြက္ခဒိန်



စာရေးသူ မင်းသရ

ဗုံးအပျက်တစ်လုံးဟာ
စနက်တံဖြုတ်လိုက်တာတောင်
အသံမြည်အောင်မပေါက်ကွဲနိုင်သလိုမျိုး
ဝပ်သွားခြင်းနဲ့တကွ
တိတိကျကျ ကျွန်တော်ကျရှုံးခဲ့ပါတယ် ...

"ရင်ထဲမှာ ဒေါသတွေ များ နေရင်တောင် သုညနဲ့ မြှောက်ထားပြီး ဆွတ်ပျံ့ခိုင်မြဲနေဦးမှာ ပါ စန္ဒာ ... "

ဒါဟာ ကျွန်တော် မကျွမ်းကျင်တဲ့ ဘာသာရပ်မှာ ရခဲ့တဲ့ ဂုဏ်ထူးမှတ်ပဲ ...။ တပျော်တပါး မျက်ရည်ကျခဲ့ရတဲ့ နွေညှော့ခန်းကြီးမှာ ခင်ဗျား လှလှကြီးပြုံးစမ်းပါ စန္ဒာ ...။ နံရံတွေကတော့ ကျွန်တော်ပြောသမျှ သံယောင်လိုက်နေရဲ့ ...။ တိုင်ပင်မမှန်တဲ့ မေတ္တာရေးက ကီးကြောင်တဲ့ မယ်လိုဒီ တစ်ပိုဒ်လိုပါပဲ ...။ ယုတ်စွအဆုံး ပြောရရင် ချစ်ရတာ မတန်ဘူး ...။ အင်းပေါ့လေ ... ဒီလောက် ညံ့တဲ့ ကောင်က ဒီလိုပဲ ခံရမှာ ပေါ့ ...။ ဗုံးအပျက်တစ်လုံးဟာ စနက်တံ ဖြုတ်လိုက်တာတောင် အသံမြည်အောင် မပေါက်ကွဲနိုင်သလိုမျိုး ဝပ်တွားခြင်းနဲ့ တကွ တိတိကျကျ ကျွန်တော် ကျရှုံးခဲ့ပါတယ် ... အဲဒီနေ့က ...

***

"မောင် ... မ ဆိုင်ကို အမြန်လာခဲ့ပါ ... အရမ်းအရေးကြီးလို့ "

"ဗျာ ... အလန့်တကြား မရယ် ... ဘာဖြစ်လို့ လဲ"

"အရေးကြီးလို့ ပါဆိုကွာ ... လာခဲ့နော် ... မြန်မြန်လေး"

"ဟုတ် ဟုတ်"

ကျွန်တော့်မှာ ခင်ဗျားကို ချစ်မိကတည်းက မာန်မာနတွေ ကွယ်လွန်ခဲ့ရတာပါ စန္ဒာ ...။ ငုံ့ကြည့်ရ လွယ်မယ့်နေရာလေးတွေမှာ ခိုကပ်ရင်း "မောင်" ဆိုတဲ့ ခေါ်သံလေးကို သာယာနာပျော်ခဲ့ရသူပါ ... ဘာအကြောင်းမှန်း မသိပေမဲ့ သူ့ရဲ့ တုန်ယင် ထိတ်လန့်သံလေးကြောင့် ကျွန်တော် လုပ်လက်စ အလုပ်လေးတွေ ပစ်ချပြီး သူ့ဆီကိုသွားဖို့ studio ရှေ့ကကားဆီ ခြေလှမ်းတွေ ကြွေဖျက်လိုက်မိတယ် ...။ ခါတိုင်းဆို ကျွန်တော်က ကိုယ်တိုင် ကားမောင်းလေ့ရှိသူ မဟုတ်ပါဘူး ...။ လိုင်စင်ရပြီးသား ဆိုပေမဲ့ ကားအရမ်းရှုပ်တဲ့ ရန်ကုန်မြို့ကြီးမှာ တက္ကစီက အလျော်အစား ကင်းတယ်လေ ...။ အခုတော့ ရင်ဘတ်မှာ သတ္တိတွေ အလင်းပြန် နေသလားပဲ ...။

ဘယ်လိုပဲ လီဗာနင်းနင်း မီးပွိုင့်တွေကို ဆန္ဒက အရှုံးပေးရစမြဲပါပဲ . ..။ ရုတ်တရက် ကားဒက်စ်ဘုတ်ပေါ်မှာ တင်ထားတဲ့ ဝက်ဝံရုပ်ကလေးကို ကြည့်မိတော့ အတိတ်နေ့တွေ ဦးနှောက်ထဲ လက်ပစ်ကူးလာသေးရဲ့ ...။

***